# ၇၆ နှစ်မြောက် လွတ်လပ်ရေးနေ့ ထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံသည် နယ်ချဲ့တိုင်းတစ်ပါးတို့၏ စိုးမိုးအုပ်ချုပ်မှုအောက်မှ လွတ်မြောက်ခဲ့ပြီး အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်မှာ ၁၉၄၈-ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့မှ ယနေ့အချိန် အထိ (၇၆) နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

၂။ လွတ်လပ်ရေးရရှိသည့် အချိန်မှစ၍ ပင်လုံစာချုပ်တွင် သဘောတူညီထားခဲ့ကြသော ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အပြည့်အဝ အကောင်အထည် ဖော်နိုင်ခြင်း မရှိသောကြောင့် တိုင်းပြည်သည် နှစ်ပေါင်း (၇၀) ကျော် ပြည်တွင်းစစ်နှင့် ရင်ဆိုင်နေရသည့်အပြင် စစ်အာဏာသိမ်းမှု အကြိမ်ကြိမ် ဖြစ်ပွားပြီး စစ်အာဏာရှင်စနစ်နှင့်  ဆိုးကျိုးများကို ပြည်သူ လူထုတစ်ရပ်လုံး ခံစားခဲ့ကြရပြီဖြစ်ပါသည်။

၃။ ယခုအခါ မဲသမာမှုကို အကြောင်းပြု၍ စစ်တပ်အနေဖြင့် အာဏာသိမ်းမှုပြုလုပ်ကာ ဆန့်ကျင်ဆန္ဒပြခဲ့ကြသည့် အရပ်သားပြည်သူများအား ဖမ်းဆီးနှိပ်စက်ခြင်း၊ မတရား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပြည်သူပိုင်ပစ္စည်းဥစ္စာ များအား မတရားရယူခြင်း၊ မြို့ရွာများအား ပျက်စီးခြင်းများ ပြုလုပ်သည့်အပြင် အပြစ်မဲ့လက်နက်မဲ့ ပြည်သူများအား စစ်ရေးအရ တိုက်ခိုက်ခံရကာ တိုင်းပြည်ရှိပြည်သူများ လုံခြုံမှုကင်းမဲ့ကာ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းစသည့် အခြေခံအခွင့်အရေးများ ဆုံးရှုံးကာ စစ်ကျွန်ဘဝသို့ ပြန်လည် ရောက်ရှိနေကြရပါသည်။

၄။ ထို့ကြောင့် ယနေ့ကျရောက်သော လွတ်လပ်ရေးနေ့မှသည် တိုင်းပြည်အတွက် အမှန်တကယ်လွတ်လပ်ရေး ၏ အနှစ်သာရကို ရရှိစေရန် စစ်ကျွန်ဘဝမှ လွတ်မြောက်ကာ စစ်အာဏာရှင်စနစ်အပါအဝင်အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်းရေးအတွက် ပြည်ထောင်စုအတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခများ၊ အရင်းခံပြဿနာများကို အပြီး သတ်ချုပ်ငြိမ်းစေနိုင်ရန် တိုင်းရင်းသား ပြည်သူလူထု တစ်ရပ်လုံး ပူးပေါင်းပါဝင်လက်တွဲကာ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံသော ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံသစ်ထူထောင်နိုင်ရေး မြန်မာ့သမိုင်းတွင် မြန်မာ့ခေါင်းဆောင်ကြီးများ၏ အမျိုးမျိုးသောကြိုးပမ်းမှုတို့ဖြင့်လွတ်လပ်ရေးရယူနိုင်ခဲ့သည်ကို နမူနာထား၍ နွေဦးတော်လှန်ရေးကို ဆင်နွှဲကာ လွတ်လပ်ရေး တိုက်ပွဲဝင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**Magway Region Human Rights Network (MHRN)**

**Women Lead Resource Center (WLRC)**

**Youth Empowerment (YE)**